မဇ္ဈိမမှ ကူးယူဖော်ပြသည်။

# ဒေါ်စု လွတ်မြောက်ရေး ဓာတ်ပုံဖြန့်ဝေမည့် လှုပ်ရှားမှု ပြုလုပ်မည်

ကိုဝိုင်း
တနင်္လာနေ့၊ ဇွန်လ 01 2009 19:21 - မြန်မာစံတော်ချိန်

ချင်းမိုင် (မဇ္ဈိမ)။ ။ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး ဓာတ်ပုံဖြန့်ဝေမည့် လှုပ်ရှားမှု တခုကို မနက်ဖြန်မှ စတင်၍ ဖော်ဆောင်သွားမည် ဖြစ်ကြောင်း မိထ္ထီလာမြို့နယ် အန်အယ်ဒီ အတွင်းရေးမှူးက ပြောသည်။

မိထ္ထီလာမြို့နယ် အပါအဝင် သာစည်၊ ဝမ်းတွင်း၊ မလှိုင်၊ မြင်းခြံ၊ တောင်သာ၊ ကျောက်ပန်းတောင်း၊ ညောင်ဦး၊ ရေနံချောင်း၊ ညောင်ရွှေ စသည့် အထက်မြန်မာနိုင်ငံမှ မြို့နယ်များ သာမက ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းမှ မြို့နယ်များလည်း ပါဝင်ကြမည်ဟု ပြောဆိုခြင်း ဖြစ်သည်။

“Photo campaign ကို ဒီကနေ့ အစည်းအဝေး ဆုံးဖြတ်ချက်နဲ့ ချလိုက်တယ်။ မနက်ဖြန် ၂-၆-၂၀၀၉ အင်္ဂါနေ့ကနေစပြီး ပြုလုပ်မယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဓာတ်ပုံတွေကို လူထုလက်ထဲကို ကျယ်ကျယ်ပြန့်ပြန့် အိမ်ပေါက်စေ့ ရောက်ရှိအောင် ပေးဝေသွားမယ်။ လူပုဂ္ဂိုလ်တဦးချင်းက ဖြစ်စေ၊ မြို့နယ်အလိုက်ဖြစ်စေ ကျမဆီကနေ ဒေါ်အောင်ဆန်းစုကြည် ဓာတ်ပုံတွေကို အခမဲ့ တောင်းယူနိုင်ပါတယ်” ဟု မိထ္ထီလာမြို့နယ် အန်အယ်ဒီ အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးက မဇ္ဈိမကို ပြောသည်။

စဉ်ဆက်မပြတ် လုပ်ဆောင်သွားမည့် ယင်းလှုပ်ရှားမှု အကောင်အထည် ဖော်ရေးကို မိထ္ထီလာ၊ သာစည်၊ ဝမ်းတွင်းနှင့် တောင်သာ (မြင်းခြံခရိုင်) ၄ မြို့နယ်မှ အန်အယ်ဒီ ကိုယ်စားလှယ်များ တက်ရောက်သည့် ယနေ့ မိထ္ထီလာခရိုင် စုံညီအစည်းအဝေးမှ ဆုံးဖြတ်ကြခြင်း ဖြစ်သည်။

ယခုလှုပ်ရှားမှုကို လူထုပါဝင်နိုင်မည့် လမ်းကြောင်းအဖြစ် ရွေးချယ် ချမှတ်ခြင်းဖြစ်ပြီး၊ ဒေါ်အောင်ဆန်းစုကြည်၏ ၃ လက်မ x ၄ လက်မ အရွယ် ရောင်စုံဓာတ်ပုံပေါင်း တသောင်းကို ကနဦး အနေဖြင့် ဖြန့်ဝေမည် ဖြစ်သည်။

မြန်မာ့ ဒီမိုကရေစီ ပန်းတိုင်သို့ ရောက်ရှိရေး လှုပ်ရှားမှုတွင် ပြည်သူများ အနေဖြင့် တတပ်တအား ပါဝင်မှုကို ပြသသည့် အနေဖြင့် ဓာတ်ပုံများကိုလက်ခံရယူကြပြီး ဧည့်ခန်း၊ ဓာတ်ပုံစာအုပ်၊ တယ်လီဖုန်း၊ အင်္ကျီအိပ်ကပ်များအတွင်း ထားရှိခြင်းဖြင့် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအား ထောက်ခံကြောင်း ပြသကြရန် ဒေါ်မြင့်မြင့်အေးက ဆော်သြလိုက်သည်။

“ကျမတို့က တရားဝင် ပါတီတခုရဲ့ မူဘောင်ထဲကနေပြီးတော့ ငြိမ်းချမ်းစွာနဲ့ ကျမတို့ရဲ့ ဆန္ဒကို ထုတ်ဖော်ဖို့ ဒီ campaign ကို စတင်လိုက်တာဖြစ်တယ်။ ဒေါ်အောင်ဆန်းစုကြည်ကို လွတ်မြောက်စေလိုတဲ့ ပြည်သူတရပ်လုံးက ဒီ photo campaign မှာ ပါဝင်လာကြဖို့လိုတယ်။ ဓာတ်ပုံတွေကို ရယူကြပါ” ဟု သူက ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရေးနှင့် တိုင်းရင်းသားအရေးများကို ဦးဆောင်ဖြေရှင်းပေးနိုင်သူ ဖြစ်သောကြောင့် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်မှု အနေးအမြန်ပေါ်မူတည်၍ မြန်မာနိုင်ငံ၏ အထွေထွေ အကျပ်အတည်းမှ လွတ်မြောက်မှုသည်လည်း အနေးနှင့်အမြန် ဖြစ်နေမည်ဟုလည်း သူက ဆိုသည်။

"ကျမတို့ရဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာပြည်သူတရပ်လုံးက အားကိုးကြတယ်။ ဒီလိုပဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း အားကိုးတယ်။ အဲဒီတော့ ကျမတို့နဲ့ ပြည်သူတရပ်လုံးက အားကိုးကြတဲ့ ဒေါ်အောင်ဆန်းစုကြည် ဟာ အခုတော့ အင်းစိန်အကျဉ်းထောင်ထဲ ရောက်နေပြီ။ ဆိုတော့ ဒေါ်စုကို အားကိုးခဲ့ကြတဲ့ ပြည်သူလူထုနဲ့ အဖွဲ့ချုပ်ကို ဒေါ်စုက ဘယ်လိုပြန်ပြီး အားကိုးလို့ရမလဲ" ဟု ဒေါ်မြင့်မြင့်အေးက မေးခွန်းထုတ်ထား သေးသည်။

ယနေ့ပြုလုပ်သည့် မိတ္ထီလာအစည်းအဝေးမှ ဆုံးဖြတ်ချက် ၆ ရပ်ကိုလည်း အများသဘောတူ ချမှတ်ခဲ့သည်။

ဆုံးဖြတ်ချက်အတွင်း၌ အဖွဲ့ချုပ်မှ ထုတ်ပယ်ထားသော အဖွဲ့ဝင်များကို အဖွဲ့ချုပ်ဗဟိုက ပြန်လည် လက်ခံပေးရန်နှင့် နအဖက ဒေါ်အောင်ဆန်းစုကြည်အား ထောင်ချခဲ့ပါက အဖွဲ့ချုပ်ဗဟိုအနေဖြင့် အဖွဲ့ဝင်များအပေါ် ပြတ်ပြတ်သားသား ဦးဆောင်မှုပေးရန် အန်အယ်ဒီ ဗဟိုသို့ တောင်းဆိုကြောင်း ပါဝင်သည်။

၂၀၊ ၅၊ ၂၀၀၉ ဗဟို အလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ပဲခူးတိုင်းစည်းအဖွဲ့ဝင် ဦးမြတ်လှအား တာဝန်မှ ယာယီ တနှစ် ရပ်ဆိုင်းလိုက်ခြင်းသည် အနာဂတ် မြန်မာ့ဒီမိုကရေစီအရေးအတွက် စိုးရိမ်မကင်း ဖြစ်မိကြောင်း လည်း ဆုံးဖြတ်သည်။

ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်အတွက် လုံခြုံရေးတာဝန် ယူထားသူများနှင့် အမေရိကန်နိုင်ငံသား မစ္စတာ ယက်တောအား ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးသူများကို နအဖက အရေးမယူဘဲ ဒေါ်အောင်ဆန်းစုကြည်ကိုသာ တဖက်သတ် မတရား အရေးယူသည့်အပေါ် ကန့်ကွက်ရှုတ်ချကြောင်းနှင့် ဒီပဲယင်း 'လုပ်ကြံမှုကြီး' ၆ နှစ်ပြည့်သွား သော်လည်း တရားခံများကို ဖော်ထုတ် အရေးယူနိုင်ခြင်း မရှိသေးသည်သာမက လုပ်ကြံမှု ကြိုးစားခြင်းခံရသူ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့ကို ဖမ်းဆီးထားခြင်းသည် မလျော်ကန်သောကြောင့် ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ပေးရန် နအဖ အား တောင်းဆိုထားသည်။

http://www.mizzimaburmese.com/news/inside-burma/3085-2009-06-01-13-04-39.html